# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

**February 11 , 2025** | **Volume 87, Number 7**


၁၁.၂.၂၀၂၅

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = N/A |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၁၆၄.၅၈ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၄၉.၁၉ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၅၉၂.၇၇ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၁၉.၈၅ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၈၇.၄၂ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၄.၂၀ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၄၄.၅၉ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၆၉.၈၀ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၁.၆၁ ကျပ် |


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်အလက်နှင့်သုတသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၄
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁-၃၇၆၄၁၆

http://www.myantrade.gov.mm


## ၁၀ လအတွင်း ဆန်တင်ပို့မှုမှ ဒေါ်လာ ၁၀၄၉ သန်း ရရှိထားကြောင်း MRF ထုတ်ပြန်



၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ဧပြီလမှဒီဇင်ဘာလကုန်အထိ ၁၀ လတာအတွင်း ပြည်ပဝယ်လက်နိုင်ငံတွေထံဆန်နှင့်ဆန်ကွဲတင်ပို့မှုကနေပို့ကုန်ဝင်ငွေအမေရိကန်ဒေါ်လာ ၁၀၄၉ သန်း ရရှိထားကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်က ဖေဖော်ဝါရီ ၁၀ ရက်တွင် ထုတ်ပြန်ထားသည်။

ဆန်၊ ဆန်ကွဲမက်ထရစ်တန်ချိန် ၂,၂၄၄,၂၅၅ တန် တင်ပို့မှုကနေ အမေရိကန်ဒေါ်လာ ၁၀၄၉ သန်းရရှိထားပြီး ဘယ်လ်ဂျီယံနိုင်ငံက အများဆုံးဝယ်ယူတာဖြစ်ကြောင်း MRF ထုတ်ပြန်ချက်စာရင်းတွင် ဖော်ပြထားသည်။

လအလိုက်တင်ပို့မှုကိုကြည့်ရင် အောက်တိုဘာလမှာအများဆုံးတင်ပို့နိုင်ခဲ့ပြီး ဇန်နဝါရီလတွင် ဆန်၊ ဆန်ကွဲ တန်ချိန် စုစုပေါင်း ၂,၂၄၄,၂၅၅ တန် တင်ပို့မှုမှ ဒေါ်လာ ၁၀၁ သန်း ထပ်မံရရှိခဲ့ခြင်း ဖြစ်သည်။

ဇန်နဝါရီလအတွင်း ဆန်တန်ချိန် ၁၂,၈၆၇ တန်၊ ဆန်ကွဲတန်ချိန် ၄၃၂၅ တန်ချိန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ တန်ချိန် ၂၀၉,၅၉၈ ဒသမ ၅ တင်ပို့ခဲ့ပြီး နယ်စပ်ကုန်သွယ်မှုမှ တင်ပို့နိုင်ခြင်းမရှိကြောင်း သိရသည်။

ဧပြီလမှာ ဒေါ်လာ ၅၅ သန်း၊ မေလမှာ ၃၆ သန်း၊ ဇွန် လမှာ ၈၄ သန်းနဲ့ ဩဂုတ်လမှာ ၉၇ သန်း၊ စက်တင်ဘာလမှာ ၁၀၄ သန်း၊ အောက်တိုဘာလမှာ ၁၈၉သန်း၊ နိုဝင်ဘာလမှာ ၁၅၆ သန်း၊ ဒီဇင်ဘာလမှာ ၁၄၅ သန်း၊ ဇန်နဝါရီလမှာ ၁၀၁ သန်း ရရှိထားကြောင်းကိုလည်း MRF ၏ အချက်အလက်တွေအရ သိရသည်။


ဆန်နှင့်ဆန်ကွဲ အမျိုးအစားနှစ်ခုထဲက ဆန်တင်ပို့မှုကိုကြည့်ရင် ပြည်ပနိုင်ငံ ၂၁ နိုင်ငံက အဓိကဝယ်လိုအားရှိပြီး အဲဒီအထဲမှာ ဘင်္ဂလားဒေ့ရှ်နိုင်ငံက အများဆုံးဝယ်ယူထားပြီး ဒုတိယအများဆုံးမှာ ပိုလန်နိုင်ငံနှင့်တတိယအများဆုံးမှာ တိုဂိုနိုင်ငံက အများဆုံးဝယ်ယူသူတွေအဖြစ်ရှိနေသည်။

ဆန်ကွဲကိုတော့ ပြည်ပနိုင်ငံ ၉ ခုကနေ အများအပြားဝယ်ယူလျက်ရှိပြီး ဘယ်လ်ဂျီယံ၊ တရုတ်နိုင်ငံတွေကနေ အများဆုံးဝယ်ယူလျက်ရှိတာကို စာရင်းတွေမှာ ဖော်ပြထားသည်။

မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်အနေဖြင့် ၂၀၂၄ ဧပြီလမှ ၂၀၂၅ မတ်လအထိ ဘဏ္ဍာနှစ်အတွင်း ဆန်၊ ဆန်ကွဲတန်ချိန် ၂ ဒသမ ၅ သန်း တင်ပို့နိုင်ဖို့ရည်မှန်းထားပြီး လက်ရှိအချိန်ထိ တန်ချိန် ၂ ဒသမ ၂ သန်းကျော် တင်ပို့ထားကြောင်းသိရသည်။

**Source : မကွေးဂျာနယ်**

## ဈေးကွက်အတွင်း (ဆောင်း)ကြက်သွန်နီများ စတင်ဝင်ရောက်



မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်သည် ရေစီးရေလာကောင်းမွန်သော ဆည်ရေသောက်ဒေသတစ်ခုဖြစ်ပြီး စိုက်ပျိုးသောသီးနှံများ အောင်မြင်ဖြစ်ထွန်းလျက်ရှိသည်။

စပါး၊ ပဲမျိုးစုံနှင့် သီးနှံများအပြင် စားဖိုဆောင်သီးနှံတစ်မျိုးဖြစ်သောကြက်သွန်နီသီးနှံကိုလည်း စိုက်ပျိုးလျက်ရှိသည်။

ခရိုင်အတွင်း ကြက်သွန်နီ(ဆောင်း) စိုက်ဧက ၂၈,၀၂၀ ဧက စိုက်ပျိုးထားရှိပြီး ကျောက်ဆည်မြို့နယ်တွင် ၈၉၇၅ ဧက၊ စဉ့်ကိုင်မြို့နယ်တွင် ၃၅၁၅ ဧက၊ မြစ်သားမြို့နယ်တွင် ၁၅,၅၃၀ ဧက စိုက်ပျိုးထားရှိကြောင်း ခရိုင်ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန၏ စာရင်းများအရသိရသည်။

ဇန်နဝါရီလနောက်ဆုံးပတ်နှင့် ဖေဖော်ဝါရီလပထမပတ်အတွင်း (ဆောင်း)ကြက်သွန်နီများ ဈေးကွက်အတွင်း ဝင်ရောက်လျက် ရှိကြောင်း သိရသည်။

(ဆောင်း)ကြက်သွန်နီ စိုက်ပျိုးထုတ်လုပ်မှုကုန်ကျစရိတ်အနေဖြင့် မျိုး၊သွင်းအားစု၊လုပ်သားခအပါအဝင် စုစုပေါင်း ၃၂ သိန်းကျပ်ခန့် ကုန်ကျကြောင်း၊ မျိုးအနေဖြင့် မြစ်သားရွှေဖလားမျိုးမှန်နှင့်ရွှေဖလားထိပ်မောက်မျိုးများကို အများဆုံးစိုက်ပျိုးကြသည်။

စိုက်ပျိုးမှုတွင် မျိုးစေ့ကိုပျိုးထောင်၍ ပျိုးသက်ရင့်ချိန်တွင် ဘောင်စိုက်စနစ်ဖြင့် စိုက်ပျိုးကြသည်။ မြို့နယ်အတွင်း အများဆုံးစိုက်ပျိုးသောရွာများမှာ ကသဲကုန်း၊ သိုတန်၊ ငါးမြွေကုန်း၊ ပင်းချားနှင့်လက်ဝဲရွာများမှ အများဆုံးစိုက်ပျိုးကြသည်။

ကြက်သွန်နီ ၁ ဧက အထွက်နှုန်းအနေဖြင့် ၂၄၀၀-၂၅၀၀ ပိဿာ အထိထွက်ရှိကြောင်း၊ မြေဆီ၊ မြေသြဇာကျွေးသည့် အပေါ်မူတည်၍ အလုံးများသန်၍ အထွက်ပိုကြောင်း၊ ကြက်သွန်နီ တောဝယ်လက်များအနေဖြင့် ကြီး၊ လတ်၊ သေးအရော တစ်ပိဿာလျှင် ၂၆၀၀ ကျပ်ဖြင့် ဝယ်ယူကြောင်း၊ မန်သေ၊ မန်ခြောက်ပါက ၁ ပိဿာလျင် ၂၇၀၀ ကျပ်ဖြင့် ဝယ်ယူလျက်ရှိကြောင်း၊ ယခုလက်ရှိဈေးကွက်အတွင်း ကြက်သွန်နီ ပေါက်ဈေးနှုန်းအနေဖြင့် လက်လီ(အကြီး) တစ်ပိဿာလျှင် ၃၈၀၀ ကျပ်၊ (အလတ်) တစ်ပိဿာလျှင် ၃၅၀၀ ကျပ်၊ (အသေး)တစ်ပိဿာလျှင် ၂၈၀၀ ကျပ် ၊ လက်ကား(အကြီး) တစ်ပိဿာလျှင် ၃၃၀၀ ကျပ်၊ (အလတ်) တစ်ပိဿာလျှင် ၃၂၀၀ ကျပ်၊ (အသေး)တစ်ပိဿာလျှင် ၂၅၀၀ ကျပ်ဖြင့် ရောင်းဝယ်လျက်ရှိကြောင်း၊ ရောင်းဝယ်မှု ဈေးကွက်အနေဖြင့် ပွဲစားများမှအခင်းထဲသို့ တိုက်ရိုက်ဝယ်ယူသူများရှိသလို အချို့တောင်သူများမှာ မန္တလေးပွဲရုံများသို့လည်း သွားရောက်ရောင်းချကြကြောင်း၊ ပွဲရုံများမှတစ်ဆင့်အဆင့်ခွဲသန့်စင်ပြီး ရန်ကုန်မြို့သို့ တင်ပို့ရောင်းချလျက်ရှိကြောင်းသိရှိရပြီး ကြက်သွန်နီ

၁ ဧက အကျိုးအမြတ်အနေဖြင့် စိုက်ပျိုးထုတ်လုပ်မှုစရိတ်နုတ်ပြီး ၃၀ သိန်းခန့် အမြတ်ရရှိကြောင်း၊ ကြက်သွန်နီသီးနှံကို နှစ်စဉ် စိုက်ပျိုးသော ကသဲကုန်းကျေးရွာမှ တောင်သူတစ်ဦးထံက သိရသည်။

**Source : DOCA(**မန္တလေး**)**

https://www.doca.gov.mm/

## ရန်ကုန်ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ၃-၂-၂၀၂၅ မှ ၇-၂-၂၀၂၅ ရက်နေ့အတွင်းဖြစ်ပေါ်ခဲ့သော ကြက်သွန်နီ၊ ကြက်သွန်ဖြူနှင့် အာလူးဈေးနှုန်းများ

### ကြက်သွန်နီ

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ ဆိပ်ဖြူမြို့နှင့်မြင်းခြံမြို့တို့မှ ကြက်သွန်နီများ နေ့စဉ်ဝင်ရောက်လျက်ရှိရာ ကြက်သွန်နီ (တစ်ပိဿာ) ဈေးနှုန်းများမှာ ဆိပ်ဖြူရှယ် ကျပ် ၂၈၀၀ ၊ ဆိပ်ဖြူလတ်ကြီး ကျပ် ၂၈၀၀၊ ဆိပ်ဖြူလတ်သန့် ကျပ် ၂၈၀၀၊ ဆိပ်ဖြူလတ်ချော ကျပ် ၁၉၀၀၊ မြင်းခြံသစ်ရှယ် ကျပ်၂၄၀၀၊ မြင်းခြံလတ်ကြီး ကျပ် ၂၄၀၀၊ မြင်းခြံလတ်သန့် ကျပ် ၂၄၀၀ နှင့် မြင်းခြံလတ်ချော ကျပ် ၂၀၀၀ အသီးသီးဈေးဖြစ်ခဲ့သည်။

တစ်ပတ်အတွင်း ဆိပ်ဖြူလတ်သန့် ကျပ် ၅၀ ၊ ဆိပ်ဖြူလတ်ချော ကျပ် ၁၀၀ ဈေးကျဆင်းခဲ့ပြီး မြင်းခြံသစ်ရှယ် ကျပ် ၂၀၀၊ မြင်းခြံလတ်ကြီး ကျပ် ၂၀၀ နှင့် မြင်းခြံလတ်သန့် ကျပ် ၂၀၀ အသီးသီးဈေးမြင့်တက်ခဲ့သည်။

ကုန်စည်ဒိုင်သို့ ကြက်သွန်နီ ဝင်ရောက်မှုမှာ ယခင်အပတ်က ကားစီးရေ ၁၁၅ စီး (၆၉၀,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် ကားစီးရေ ၁၆၀ စီး (၉၆၀,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် ကားစီးရေ ၄၅ စီး (၂၇၀,၀၀၀ ပိဿာ)ပိုမိုဝင်ရောက်ခဲ့ကြောင်းသိရသည်။

### ကြက်သွန်ဖြူ

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ ကြူကုတ်မြို့နှင့်အောင်ပန်းမြို့တို့မှကြက်သွန်ဖြူများနေ့စဉ်ဝင်ရောက်လျက်ရှိရာ ကြက်သွန်ဖြူ (တစ်ပိဿာ)ဈေးနှုန်းများမှာ ကြူကုတ်(ရှယ်) ကျပ် ၁၄,၅၀၀၊ အောင်ပန်းထူး-၂ ကျပ် ၉၀၀၀၊ အောင်ပန်းထူး-၃ ကျပ် ၁၀,၅၀၀၊ အောင်ပန်းထူး-၄ ကျပ် ၁၁,၅၀၀ နှင့် အောင်ပန်းထူး-၅ ကျပ် ၁၂,၀၀၀ အသီးသီးဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း ကြက်သွန်ဖြူများ ဈေးငြိမ်လျက်ရှိသည်။

ယခင်အပတ်က ကုန်စည်ဒိုင်သို့ ကြက်သွန်ဖြူအိတ် ၂၄၀၀ (၇၂,၀၀၀ ပိဿာ)ဝင်ရောက်ခဲ့ပြီးယခုအပတ်တွင်ကြက်သွန်ဖြူအိတ် ၂၉၀၀ (၈၇,၀၀၀ ပိဿာ)ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် ကြက်သွန်ဖြူ အိတ် ၅၀၀ (၁၅,၀၀၀ ပိဿာ) ပိုမိုဝင်ရောက်ခဲ့ကြောင်းသိ ရသည်။

### အာလူး

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ တရုတ်မှအာလူးများ နေ့စဉ်ဝင်ရောက်လျက်ရှိရာ အာလူး(တစ်ပိဿာ) ဈေးနှုန်းများမှာ တရုတ်အာလူး ကျပ် ၅၀၀၀ ဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း တရုတ်အာလူး ကျပ် ၅၀၀ ဈေးကျဆင်းခဲ့သည်။

ကုန်စည်ဒိုင်သို့ အာလူးဝင်ရောက်မှုမှာ ယခင်အပတ်က ကားစီးရေ ၂၂ စီး (၁၃၂,၀၀၀ ပိဿာ)ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် ကားစီးရေ ၂၃ စီး (၁၃၈,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် ကားစီးရေ ၁ စီး (၆,၀၀၀ ပိဿာ) ပိုမိုဝင်ရောက်ခဲ့ကြောင်းသိရသည်။

Source: **ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး**

TIR

## ရန်ကုန်ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ၃-၂-၂၀၂၅ မှ ၇-၂-၂၀၂၅ ရက်နေ့အတွင်းဖြစ်ပေါ်ခဲ့သော ပဲနှင့်အခြားကုန်စည်ဈေးနှုန်းများ

**မတ်ပဲနှင့်ပဲစင်းငုံ**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ပဲ(တစ်တန်) ဈေးနှုန်းများမှာ မတ်ပဲ FAQ/RC (2024 Crop) ကျပ် ၂,၉၈၆,၀၀၀၊ မတ်ပဲ SQ/RC (2024 Crop) ကျပ် ၃,၃၁၆,၀၀၀ နှင့် ပဲစင်းငုံ Red/ RC(2024 Crop) ကျပ် ၂,၈၇၀,၀၀၀ ဈေးဖြစ်ခဲ့သည်။

တစ်ပတ်အတွင်း မတ်ပဲ FAQ/ RC(2024Crop)ကျပ် ၅၄,၀၀၀နှင့်မတ်ပဲ SQ/RC (2024 Crop)ကျပ် ၇၄,၀၀၀ ဈေးကျဆင်းခဲ့ပြီး ပဲစင်းငုံ Red/RC (2024 Crop )ကျပ် ၂၀,၀၀၀ ဈေးမြင့်တက်ခဲ့သည်။

ယခင်အပတ်ကကုန်စည်ဒိုင်သို့ ကွန်တိန်နာ ၆၀ လုံး(တန်ချိန် ၁၄၄၀) ဝင်ရောက်ခဲ့ပြီးယခုအပတ်တွင် မတ်ပဲ FAQ/RC (2024 Crop) ကွန်တိန်နာ ၉၅ လုံး (တန်ချိန် ၂၂၈၀) နှင့် ပဲစင်းငုံ Red/ RC(2024 Crop) ကွန်တိန်နာ ၅၅ လုံး (တန်ချိန် ၁၃၂၀) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် မတ်ပဲ FAQ/RC (2024 Crop) ကွန်တိန်နာ ၃၅ လုံး (တန်ချိန် ၈၄၀) နှင့် ပဲစင်းငုံ Red/ RC(2024 Crop) ကွန်တိန်နာ ၅၅ လုံး (တန်ချိန် ၁၃၂၀) ပိုမိုဝင်ရောက်ခဲ့ကြောင်းသိရသည်။

**ငရုတ်**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင်ဖြစ်ပေါ်ခဲ့သော ငရုတ်သီး ( တစ်ပိဿာ ) ဈေးနှုန်းများမှာ ပန်းရဲငရုတ် (သစ်) AC ကျပ် ၅,၅၀၀၊ မြားနီကျပ် ၅,၅၀၀ ၊ပန်းတနော်ရှည် ကျပ် ၄,၀၀၀၊ ဆင်ဖြူကျွန်း(ပု) ကျပ် ၁၁,၀၀၀ နှင့် မိုးထောင်မြစ်ဝပု ကျပ် ၁၃,၅၀၀ ဈေးအသီးသီး ဖြစ်ခဲ့သည်။

တစ်ပတ်အတွင်း ပန်းရဲငရုတ်(သစ်) AC ကျပ် ၃၅၀၀၊မြားနီ ကျပ် ၃,၀၀၀ ၊ဆင်ဖြူကျွန်း(ပု) ကျပ် ၄,၀၀၀ ဈေးမြင့်တက် ခဲ့ပြီး ပန်းတနော်ရှည် ကျပ် ၁,၀၀၀ ဈေးကျဆင်းခဲ့သည်။

ကုန်စည်ဒိုင်သို့ယခင်အပတ်က ငရုတ်ရှည်အိတ်ပေါင်း ၄၇၀၀(၉၄,၀၀၀ ပိဿာ) နှင့် ငရုတ်ပုအိတ်ပေါင်း ၃၀၀ (၄,၅၀၀ ပိဿာ ) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် ငရုတ်ရှည်အိတ်ပေါင်း ၄၉၀၀ (၉၈,၀၀၀ ပိဿာ) နှင့် ငရုတ်ပုအိတ်ပေါင်း ၃၉၀ (၅,၈၅၀ ပိဿာ) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် ငရုတ်ရှည်အိတ်ပေါင်း ၂၀၀ (၄,၀၀၀ ပိဿာ)နှင့် ငရုတ်ပုအိတ်ပေါင်း ၉၀ (၁၃၅၀ ပိဿာ) ပိုမိုဝင်ရောက်ခဲ့ကြောင်းသိရသည်။

**မန်ကျည်းသီး**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် မန်ကျည်းသီး(တစ်ပိဿာ)ဈေးနှုန်းများမှာမန်ကျည်းသီးပွင့်ကပ်(သစ်) ကျပ် ၇၀၀၀၊ မန်ကျည်းအသား(သစ်) ကျပ် ၁၄,၀၀၀နှင့်မန်ကျည်းသီး(ရမည်းသင်းဒါးဇင်း) ကျပ် ၆၀၀၀ အသီးသီးဈေးဖြစ်ခဲ့သည်။

တစ်ပတ်အတွင်း မန်ကျည်းသီးပွင့်ကပ်(သစ်)ကျပ် ၅၀၀နှင့်မန်ကျည်းအသား(သစ်)ကျပ် ၁၀၀၀ဈေးကျဆင်းခဲ့ပြီးမန်ကျည်းသီး(ရမည်းသင်းဒါးဇင်း) ကျပ် ၅၀၀ ဈေးမြင့်တက်ခဲ့သည်။

**ထန်းလျက်၊ ကြံသကာနှင့် သကြား**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင်ဖြစ်ပေါ်ခဲ့သော ထန်းလျက်၊ ကြံသကာနှင့်သကြား(တစ်ပိဿာ) ဈေးနှုန်းများ မှာ တောင်သာမလိုင်(ဒိုး) ကျပ် ၇၂၀၀၊ ညောင်ဦးဆေးရှယ်(ထန်း) ကျပ် ၇၃၀၀၊ ပခုက္ကူကြမ်း ကျပ် ၇၂၀၀၊ ရေစကြို ထန်းလျက် (ချော) ကျပ် ၈၅၀၀၊ ကြံသကာ ကျပ် ၅၆၀၀ နှင့် သကြား(ပြည်တွင်း) ကျပ် ၅၁၀၀ ဈေးအသီးသီး ဖြစ်ခဲ့သည်။

တစ်ပတ်အတွင်း တောင်သာမလိုင်(ဒိုး) ကျပ် ၂၀၀၊ ပခုက္ကူကြမ်းကျပ် ၁၀၀ နှင့် ကြံသကာကျပ် ၂၀၀ ဈေးကျဆင်းခဲ့ပြီး ကျန်အမျိုးအစားများ ဈေးငြိမ်လျက်ရှိသည်။

Source: ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး

## လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇန်နဝါရီလအတွင်း ပုစွန်ပိသာ ၇၀၀၀၀ ကျော် တင်ပို့ရောင်းချနိုင်ခဲ့



ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇန်နဝါရီလအတွင်း ပုစွန်ပိသာ ၇၀,၀၀၀ ကျော် တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း လပွတ္တာမြို့နယ် ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးလုပ်ငန်းလုပ်ကိုင်သူတစ်ဦးက ပြောပြသည်။

လပွတ္တာမြို့နယ်မှရန်ကုန်ဈေးကွက်သို့ ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလအတွင်းက ပုစွန်ပိသာ ၅၅,၀၀၀ အထိသာ တင်ပို့ရောင်း ချနိုင်ခဲ့ပြီး ၂၀၂၅ ခုနှစ် ဇန်နဝါရီလ ၁ ရက် မှ ၃၁ ရက်အထိ ပုစွန်ပိသာ ၇၃,၀၀၀ အထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ ဒေသမှ ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းလုပ်ကိုင်သူများသည် ဒေသထွက်ပုစွန်များကို စနစ်တကျသန့်စင်ပြီး ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခြင်း ဖြစ်သည်။

"ပြီးခဲ့တဲ့တစ်လအတွင်း ပုစွန်ပိသာ ၇၃,၀၀၀ အထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ရန်ကုန်ဈေးကွက်က ဝယ်လိုအားကောင်းနေတာကြောင့် တင်ပို့အားကောင်းခဲ့တာပါ။ တစ်လအတွင်း ပုစွန်အပါအဝင်ရေထွက်ကုန်တွေ ရန်ကုန်ဈေးကွက်ကို ကုန်ချိန်များများတင်ပို့ရောင်းချခဲ့ရတာကြောင့် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းလုပ်ကိုင်သူတွေ အလုပ်အကိုင် အခွင့်အလမ်းကောင်းလာပါတယ်'' ဟု ၎င်းကပြောသည်။

လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် ပုစွန်များတွင် ပုစွန်ဘော့ချိတ်၊ ပုစွန်ဆိတ်သေး၊ ပုစွန်ဆိတ်ကြီး၊ ပုစွန်တုပ်ကြီး စသည်ဖြင့် အရွယ်အစားပေါ်မူတည်ပြီး ဈေးနှုန်း အသီးသီးရှိကြောင်း သိရသည်။

မွေးမြူရေးနှင့်ပတ်သက်၍ ပြည်သူလူထု၏ နေ့စဉ် အသား၊ ငါးနှင့်ဥအမျိုးမျိုးလိုအပ်ချက်ကို ဖူလုံပြည့်မီအောင် ထုတ်လုပ်ရန် လိုအပ်ကြောင်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းကို ခေတ်မီနည်းစနစ်များဖြင့် ဆောင်ရွက်ခြင်းမှတစ်ဆင့် တခြားကုန်ထုတ်လုပ်မှု လုပ်ငန်းများကိုလည်း ပိုမိုတိုးတက်အောင်မြှင့်တင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း သိရသည်။

Source : https://myawady.net.mm/

## လွတ်လပ်သောကုန်သွယ်မှုသဘောတူညီချက်အတွက် ဆွေးနွေးပွဲများ ပြန်လည်စတင်တော့မည့် အိန္ဒိယနှင့် ဗြိတိန်

အိန္ဒိယကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအဆိုအရ အိန္ဒိယနှင့် ဗြိတိန်တို့သည် ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီကတည်းက စတင်ခဲ့သည့် လွတ်လပ်သောကုန်သွယ်မှုသဘောတူညီဆိုင်ရာဆွေးနွေးပွဲများကို ယခုနှစ် ဖေဖော်ဝါရီလအစောပိုင်းတွင် ပြန်လည်စတင်ရန် နှစ်ဖက်အဆင်ပြေမည့်ရက်များ ညှိနှိုင်းနေကြောင်း သိရသည်။

နှစ်နိုင်ငံအကြား ကုန်သွယ်မှုသည် ၂၀၂၂-၂၀၂၃ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၂၀ ဒသမ ၃၆ ဘီလီယံမှ ၂၀၂၃-၂၀၂၄ ခုနှစ်တွင် ကန်ဒေါ်လာ ၂၁ ဒသမ ၃၄ ဘီလီယံအထိ တိုးမြင့်လာခဲ့သည်။

အိန္ဒိယသည် လွတ်လပ်သောကုန်သွယ်မှုသဘောတူညီချက်နှင့်စပ်လျဉ်း၍ ဗြိတိန်နှင့် ၁၃ ကြိမ်အထိ ဆွေးနွေးထားပြီး ၁၄ ကြိမ်မြောက် ဆွေးနွေးပွဲမှာ နှစ်ဖက်ရွေးကောက်ပွဲများကြောင့် ရွှေ့ဆိုင်းထားရခြင်းဖြစ်သည်။

အိန္ဒိယသည် ဗြိတိန်နှင့်လွတ်လပ်သောကုန်သွယ်မှုသဘောတူညီချက်၊ ရင်းနှီးမြှုပ်နှံမှု အကာအကွယ်ပေးရေးသဘောတူညီချက်နှင့် ပထဝီဝင်ဆိုင်ရာညွှန်ပြမှုများ (GIs) ဆိုင်ရာ သဘောတူညီချက်တို့ကို ညှိနှိုင်းဆောင်ရွက်လျက်ရှိသည်။

အိန္ဒိယသည် ဥရောပသမဂ္ဂ(EU)နှင့်လည်း လွတ်လပ်သောကုန်သွယ်မှုသဘောတူညီချက် ညှိနှိုင်းနေပြီး ကွဲပြားမှုများကြောင့် ညှိနှိုင်းမှုများကို ၂၀၁၃ ခုနှစ်တွင် ခေတ္တဆိုင်းငံ့ကာ ၂၀၂၂ ခုနှစ်၊ ဇွန်လမှ ပြန်လည်စတင်ခဲ့ခြင်းဖြစ်သည်။

အိန္ဒိယနှင့်အီးယူသည် ၉ ကြိမ်မြောက်အထိညှိနှိုင်းခဲ့ပြီးကုန်စည်၊ ဝန်ဆောင်မှု၊ ရင်းနှီးမြှုပ်နှံမှု၊အစိုးရဝယ်ယူရေး၊ အပင်၊ လူနှင့်တိရစ္ဆာန်ကျန်းမာရေး (SPS) နှင့် ကုန်သွယ်မှုဆိုင်ရာ နည်းပညာဆိုင်ရာ အတားအဆီးများ (TBT)ကို ဆွေးနွေးခဲ့ကြပါသည်။

၁၀ ကြိမ်မြောက် ဆွေးနွေးပွဲကို မတ်လ ၁၀ ရက်မှ ၁၄ ရက်အထိ ဘရပ်ဆဲလ်၌ ပြုလုပ်ရန် စီစဉ်ထားကြောင်း အိန္ဒိယကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ပြောကြားခဲ့သည်။

အိန္ဒိယ - အီးယူ စုစုပေါင်းကုန်သွယ်မှုသည် ၂၀၂၃ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၂၀၀ ဘီလီယံကျော်ခဲ့ပြီး အိန္ဒိယမှ ကုန်စည်တင်ပို့မှု အမေရိကန်ဒေါ်လာ ၇၅ ဒသမ ၁၈ ဘီလီယံနှင့် ဝန်ဆောင်မှုတင်ပို့မှုကန်ဒေါ်လာ ၃၁ ဒသမ၁၃ ဘီလီယံ ရှိခဲ့ကြောင်း၊ အီးယူမှ အိန္ဒိယသို့ ကုန်စည်တင်ပို့မှု အမေရိကန်ဒေါ်လာ ၆၃ ဒသမ ၄၄ ဘီလီယံနှင့် ဝန်ဆောင်မှု အမေရိကန်ဒေါ်လာ ၃၁ ဒသမ ၃၅ ဘီလီယံ ရှိခဲ့ကြောင်း သိရသည်။

ထို့ပြင် အိန္ဒိယသည် အာမေးနီးယား၊ ဘီလာရုစ်၊ ကာဇက်စတန်၊ ကာဂျစ်စတန်နှင့် ရုရှားတို့ပါဝင်သည့် ယူရေးရှန်းစီးပွားရေးသမဂ္ဂ Eurasian Economic Union(EEU)နှင့်လည်း လွတ်လပ်စွာကုန်သွယ်မှု သဘောတူညီချက်အပြီးသတ်ရေး လုပ်ငန်းစဉ်များ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါသဘောတူညီချက်များတွင် နှစ်နိုင်ငံနှင့်အထက်ကုန်သွယ်ဘက်နိုင်ငံများက အကောက်ခွန်ဖယ်ရှားခြင်း (သို့မဟုတ်) လျှော့ချခြင်းများ ဆောင်ရွက်ကြရာ အိန္ဒိယကုန်စည်များသည် ဈေးကွက် ပိုမိုဝင်ရောက်နိုင်မည်ဖြစ်သည်။

ယူရေးရှန်း စီးပွားရေးသမဂ္ဂအတွင်း ရုရှားသည် အိန္ဒိယနှင့် ကုန်သွယ်မှုအများဆုံးနိုင်ငံဖြစ်ပြီး ရေနံစိမ်းတိုးမြှင့်တင်သွင်းမှုကြောင့် ၂၀၂၃-၂၀၂၄ ခုနှစ်တွင် အိန္ဒိယမှရုရှားသို့ ပို့ကုန် ၄ ဒသမ ၂၆ ဘီလီယံနှင့် သွင်းကုန် ၆၁ ဒသမ ၄၃ ဘီလီယံ ရှိခဲ့ကြောင်း သိရသည်။

အာဆီယံ-အိန္ဒိယ လွတ်လပ်သောကုန်သွယ်မှုသဘောတူညီချက်ညှိနှိုင်းမှုများတွင် တိုးတက်မှုများရှိသော်လည်းကုန်စည်ပိုင်းတွင် ကွဲပြားမှုများရှိသေးကြောင်း၊လာမည့် ဖေဖော်ဝါရီ ၁၀ ရက်နေ့မှစ၍ အင်ဒိုနီးရှားနှင့်ဆွေးနွေးမှုများပြန်လည်စတင်မည် ဟု အိန္ဒိယ၊ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ တွဲဖက်အတွင်းဝန်က ပြောကြားခဲ့သည်။

**Source :** **https://www.business-standard.com**

https://commerce.gov.mm/

## ဇန်နဝါရီလတွင် ကော်ဖီတင်ပို့မှုမှတစ်ဆင့် အမေရိကန်ဒေါ်လာ သန်း ၈၀၀ ရရှိခဲ့သည့် ဗီယက်နမ်



ဗီယက်နမ်နိုင်ငံသည် ၂၀၂၅ ခုနှစ် ဇန်နဝါရီလတွင် ကော်ဖီတန်ချိန် ၁၅၄၆၃၅ တန်တင်ပို့ခဲ့ပြီးဝင်ငွေအမေရိကန်ဒေါ်လာ ၇၉၉ ဒသမ ၅ သန်းရရှိခဲ့ကြောင်း ဗီယက်နမ်နိုင်ငံကော်ဖီနှင့် ကိုကိုး အသင်းက ထုတ်ပြန်သောအချက်အလက်များအရ သိရသည်။

ထိုစုစုပေါင်းပမာဏထဲတွင်ကော်ဖီစိမ်းတန်ချိန်မှုမှာ တန်ချိန် ၁၃၇,၅၆၈တန်ရှိပြီး ဝင်ငွေအမေရိကန်ဒေါ်လာ ၆၉၄ ဒသမ ၉ သန်းရရှိခဲ့ကာ ၂၀၂၄ ခုနှစ်ဇန်နဝါရီလနှင့်နှိုင်းယှဉ်ပါက တင်ပို့သည့် ပမာဏတွင် ၃၈ ဒသမ ၂ ရာခိုင်နှုန်းကျဆင်းခဲ့သော်လည်း တန်ဖိုးတွင် ၈ ဒသမ ၈ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း သိရသည်။

ပြုပြင်ထုတ်လုပ်ထားသည့်ကော်ဖီတင်ပို့မှုမှာ တန်ချိန် ၁၇,၀၆၇ ရှိပြီး ဝင်ငွေ အမေရိကန်ဒေါ်လာ ၁၀၄ ဒသမ ၆ သန်း ရရှိခဲ့ကြောင်း သိရသည်။

ဇန်နဝါရီလတွင် ပြည်ပတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများသည် ဗီယက်နမ်၏စုစုပေါင်း ကော်ဖီစိမ်းတင်ပို့မှုပမာဏ၏ ၂၁ ဒသမ ၈ ရာခိုင်နှုန်းနှင့် တင်ပို့သည့် တန်ဖိုး၏ ၂၂ ဒသမ၄ ရှိကြောင်း သိရသည်။

၂၀၂၄ ခုနှစ်တွင် ပြည်တွင်းလုပ်ငန်းများသည် ကော်ဖီတန်ချိန် ၁ ဒသမ ၃၅ သန်းတင်ပို့ရာမှတစ်ဆင့် စံချိန်တင် ဝင်ငွေ အမေရိကန်ဒေါ်လာ ၅ ဒသမ ၆၂ ဘီလီယံ ရရှိ ခဲ့ကြောင်း သိရသည်။

စိုက်ပျိုးမွေးမြူရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန သည် ၂၀၂၅ ခုနှစ်အတွက် ကော်ဖီထုတ်လုပ်ရန် ရည်မှန်းချက်ကို ၂၀၂၄ ခုနှစ်ကထက် အနည်းငယ်မြင့်မားသော တန်ချိန် ၁ ဒသမ ၉၈ သန်း သတ်မှတ်ထားကြောင်း သိရသည်။

**Source : DOCA(ရန်ကုန်)**

https://www.doca.gov.mm/

## STOCK EXCHANGE (11.2..2025)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 11th Feb. 2025

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 46,540 (Shares) | 108,642,300 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 7,600 | +0 | +0.00% | 7,600 | 7,600 | 7,600 | 1,992 | 15,139,200 | 33,109,694 | 251,634 |
| MTSH | 00002 | 2,900 | -50 | -1.69% | 2,900 | 2,900 | 2,900 | 6,927 | 20,088,300 | 38,929,150 | 112,895 |
| MCB | 00003 | 8,000 | +0 | +0.00% | 8,000 | 8,000 | 7,900 | 66 | 527,500 | 10,400,986 | 83,208 |
| FPB | 00004 | 1,800 | +0 | +0.00% | 1,800 | 1,800 | 1,800 | 2,983 | 5,369,400 | 29,664,613 | 53,396 |
| TMH | 00005 | 2,950 | -50 | -1.67% | 2,950 | 2,950 | 2,950 | 17 | 50,150 | 12,823,224 | 37,829 |
| EFR | 00006 | 1,600 | -50 | -3.03% | 1,600 | 1,600 | 1,600 | 450 | 720,000 | 19,977,223 | 31,964 |
| AMATA | 00007 | 4,000 | +0 | +0.00% | 3,900 | 4,000 | 3,900 | 1,156 | 4,564,950 | 10,497,598 | 41,990 |
| MAEX | 00008 | 3,200 | -50 | -1.54% | 3,200 | 3,200 | 3,200 | 909 | 2,908,800 | 23,804,946 | 76,176 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Market summary

### Market summary

As of 11th Feb. 2025

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 365.34 | -2.53 | -0.69% | 365.12 | 365.34 | 364.85 | 14,500 | 49,368,300 | 8 | 689,092 |

**Index chart**



## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 1:00 pm, 11th Feb, 2025

| Trading Volume | Trading Value |
|---|---|
| 46,598 (Shares) | 108,816,700 (MMK) |

### Main Board

As of 1:00 pm, 11th Feb, 2025

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 46,540 (Shares) | 108,642,300 (MMK) |

| MYANPIX | 365.34 ▼ 2.53 |
|---|---|
| Total Volume (shares) | 14,500 |
| Total Value (MMK) | 49 mil |
| Listed Company | 8 |
| Market Cap. (MMK) | 689,092 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 7,600 | ▲ 0 |
| MTSH | 00002 | 2,900 | ▼ 50 |
| MCB | 00003 | 8,000 | ▲ 0 |
| FPB | 00004 | 1,800 | ▲ 0 |
| TMH | 00005 | 2,950 | ▼ 50 |
| EFR | 00006 | 1,600 | ▼ 50 |
| AMATA | 00007 | 4,000 | ▲ 0 |
| MAEX | 00008 | 3,200 | ▼ 50 |

TIR